**ငြိမ်းချမ်းရေး စစ်တမ်း (၂၇)**

**မွန်ပြည်သစ်ပါတီ အဘယ်သို့ ဦးတည် ချီတက်မည်နည်း။**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ ဖက်ဒရယ်ကောင်စီ (UNFC) ကို ကရင်နီအမျိုးသားတိုးတက်ရေး ပါတီ (KNPP) နှင့် အတူ လက်တွဲဦးဆောင်လျက်ရှိသော မွန်ပြည်သစ်ပါတီက လက်ရှိ အပစ်ရပ်စာချုပ် (NCA) အား လက်မှတ်ထိုးတော့မည် ဟူသော အသံများ လှိုင်အောင် ထွက်ပေါ်လာလျက်ရှိသည်။

UNFC က ဦးဆောင်စီစဉ်သော Stakeholders' Consultation အား ၂၀၁၇ ခုနှစ် စက်တဘ်ာ ၂၇ ရက်မှ ၃၀ ရက်အတွင်းကျင်းပရာ၌ စာရေးသူအား အထူးဖိတ်ကြားကာ ရှင်းလင်းဆွေးနွေးပေးရန် မေတ္တာရပ်ခံခဲ့သဖြင့် အဆိုပါ လေးရက်အတွင်း တရက်တာမျှကြာအချိန်ယူပြီး လက်ရှိအပစ်ရပ်စာချုပ် NCA ၏ ဥပဒေလှည့်ဖြားမှုများကို ဆွေးနွေးခဲ့ သည်။ UNFC အဖွဲ့ဝင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းငါးဖွဲ့ ( ထိုစဉ်က ရှမ်းပြည်တိုးတက်ရေးပါတီ SSPP ပါ ဆက်ရှိနေသေး) တို့သည်လည်းကောင်း၊ NCA လက်မှတ်ထိုးထားသော ရှစ်ဖွဲ့အနက် KNU မှ ခေါင်းဆောင်တချို့၊ ABSDF နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS တို့မှ ကိုယ်စားလှယ်များတို့သည်လည်းကောင်း၊ United Nationalities Alliance (UNA) ကို စုပေါင်းဖွဲ့စည်းထားကြသော တိုင်းရင်းသား နိုင်ငံရေးပါတီ ၁၅ ဖွဲ့မှ ကိုယ်စားလှယ်ခေါင်းဆောင်များသည်လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ထိုအစည်းအဝေးသို့ မွန်ပြည်သစ်ပါတီမှ ဒုဥက္ကဌ နိုင်ဟံသာ ခေါင်းဆောင်လျက် ပါတီကိုယ်စားလှယ်ခေါင်း ဆောင်အတော်များများတက်ရောက်ခဲ့ကြကြောင်း မှတ်မိသည်။ လက်ရှိ အပစ်ရပ်စာချုပ် NCA ၏ ပြုပြင်၍ မရနိုင် သော၊ ပြင်ဆင်ခွင့်လည်း ပြုမထားသော အားနည်းချက်များအား မိမိက သုံးသပ်ဆွေးနွေးခဲ့ရာ၌ မွန်ပြည်သစ်ပါတီ ခေါင်းဆောင်များ အပါအဝင် မည်သည့်ခေါင်းဆောင်တဦးတလေကမျှအတိအကျ ထောက်ပြကာ ဆန့်ကျင် (သို့မဟုတ်) ကန့်ကွက်ဆွေးနွေးခဲ့ကြခြင်းမရှိ။ မရှင်း၍ မေးမြန်းကြသည်သာ ရှိသည်။ လက်ခံကြကြောင်း တုန့်ပြန်မှုက များသည်။ စာရေးသူ၏တင်ပြချက် Power Point များအား ကူးယူဖြန့်ချိခွင့်တောင်းခံသော ခေါင်းဆောင်များ၊ အဖွဲ့အစည်းများလည်းရှိခဲ့သည်။ ယင်းသို့နောက်ခံများရှိခဲ့သော်လည်း မွန်ပြည်သစ်ပါတီသည် NCA ကို လက်မှတ်ထိုးတော့မည်၊ ယင်းသို့ထိုးနိုင်ရေး အတွက် ယူအင်န်အက်ဖ်စီ အဖွဲ့အတွင်းမှ ပါနိုင်သမျှသော အဖွဲ့များကိုပါ ခေါ်ယူ သွားရန် ကြိုးစားသွားမည် ဖြစ်ကြောင်း ပါတီ တာဝန်ရှိသူတဦး၏ ဘီဘီစီ အင်တာဗျူးကို ကြားလိုက်ရသော အခါ များစွာ စိတ်မကောင်း ဖြစ်မိသည်။

မွန်ပြည်သစ်ပါတီ အပါအဝင် အဖွဲ့အစည်းတိုင်းသည် သူ့လွတ်လပ်မှု နှင့် သူ ရှိသည်။ ယင်းကို တန်ဘိုးထား ရပါမည်။ အပစ်ရပ်စာချုပ် NCA ကို လက်မှတ်ထိုးခြင်း မထိုးခြင်းမှာ သူ့အဖွဲ့အစည်းက သူ့ဖာသာသူ လွတ်လပ်စွာ ဆုံး ဖြတ်သွားကြမည်သာ ဖြစ်သည်။ မည်သူ့တွင်မျှ တားဆီးပိုင်ခွင့်မရှိပါ။ ဤသည်မှာ ဘက်တဘက် ဖြစ်သည်။ အခြားဘက်တဘက်တွင် ငြိမ်းချမ်းရေး နှင့် စပ်လျဉ်း၍ စာရေးသူအပါအဝင် လူတိုင်းတွင်လည်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရှိသည် ဟု ယူဆသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး နှင့် ဒေသကြီးအတွင်း ငြိမ်းချမ်းရေး တို့၏ အစိပ်အပိုင်းတခုအနေဖြင့် မှတ်ယူ၍ ရနိုင်သော မြန်မာနိုင်ငံပြည်တွင်းငြိမ်းချမ်းရေး နှင့် စပ်လျဉ်း၍ စာရေးသူအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကျင့်သုံးကာ ငြိမ်းချမ်းရေးစစ်တမ်းများအား စဉ်ဆက်မပြတ်တောက်လျှောက် ရေးသား ခဲ့သည်။ ယခုစစ်တမ်းတွင် မွန်ပြည်သစ်ပါတီ နှင့် ၄င်းပါဝင်ခေါင်းဆောင်လျက်ရှိသော UNFC တပ်ပေါင်းစုကို အဓိက ထားကာ လွတ်လပ်စွာ ထုတ်ဖော်သုံးသပ်ပါဦးမည်။

တဖက်ကလည်း မွန်ပြည်သစ်ပါတီ နှင့် စပ်လျဉ်း၍ မိမိတွင် တစုံတရာ တာဝန်ရှိသည်ဟုလည်း ခံယူပါသည်။ ၁၉၈၉ ခုနှစ်ကစတင်ကာ မာနယ်ပလောကို အခြေပြုပြီး လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲ ခဲ့ရာ၌ စာရေးသူနှင့်

ရင်းနှီးခဲ့သော တိုင်းရင်းသားခေါင်းဆောင်များအတွင်း မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌကြီး နိုင်ရွှေကျင်လည်းပါရှိခဲ့သည်။ နိုင်ငံခြားသားများ၊ နိုင်ငံခြားတိုင်းပြည်များမှ ကိုယ်စားလှယ်များ နှင့် အတူတွေ့ဆုံဆွေးနွေးခွင့် ရခဲ့သော အခါများတွင် ၄င်းက စာရေးသူအား "မင်းလို ဥပဒေ သိတဲ့လူက များများပြောကွ။" ဟူ၍ အသိအမှတ်ပြု အားပေးလေ့ရှိခဲ့သည်။

၁၉၉၄ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံရှေ့နေများကောင်စီအား အထွေထွေ အတွင်းရေးမှူး အနေဖြင့် စာရေးသူ ခေါင်းဆောင်ခဲ့ရာ၌ ၁၉၉၇ ခုနှစ်ခန့်မှစတင်၍ မွန်ပြည်သစ်ပါတီ ၏ မေတ္တာရပ်ခံချက်ဖြင့် ၄င်းတို့ပါတီ ဌာနချုပ် နှင့် အနီးတဝိုက်နေရာ များတွင် ဥပဒေနှင့် လူ့အခွင့်အရေးသင်တန်းပေါင်းအတော်များများ ပေးခွင့်ရခဲ့၊ တရားရေးဌာန ပိုမို ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် အကြံဉာဏ်များ ပေးခွင့်ရခဲ့ သည်။ ထိုစဉ်က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အားလုံးအနက် ဥပဒေရေးရာများကို စိတ်ဝင်စား၊ လေ့လာ၊ ကျင့်သုံးလိုသော ဆန္ဒ နှင့် ဦးဆောင်မှု ကို ပြခဲ့ရာတွင် မွန်ပြည်သစ်ပါတီ သည် ထိပ်ဆုံးမှ ပါဝင်ခဲ့သည် ဟု ဆိုနိုင်သည်။ ၄င်းတို့ပါတီ ဌာန ချုပ်ကို ရောက်ခဲ့ သည့်အခါ ထိုစဉ်က တွဲဘက်အထွေထွေအတွင်းရေးမှူး၊ ယခု ဒုဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ နိုင်ဟံသာ က စာရေးသူအား ပြုံးချိုသောမျက်နှာထား၊ သူကျွမ်းကျင်စွာ တီးခတ်တတ်သည့် မယ်ဒလင်ကလေးတို ့ ဖြင့် ဧည့်ခံခဲ့ဘူးခြင်းများကို မေ့နိုင်မည် မဟုတ်ပါ။

မွန်လူမျိုးတို့၏ လွတ်လပ်မှုသည် သမိုင်းတွင်ကြီးကျယ်ခန်းနားလွန်းလှသည်။ မွန်ပြည်သစ်ပါတီ နှင့် ဆက်ဆံ ခွင့်ရသည့်အခါများတွင် ပညာရှင် မွန်ရဟန်းတော် ရှင်အရဟံ၊ မွန်ဘုရင်ရာဇာဓိရာဇ် စိုးမိုးအုပ်ချုပ်ခဲ့သည့်မွန်နိုင်ငံတော်၊ နံမည်ကျော် မွန်စစ်သည်တော် သူရဲကောင်း သူမိန်ဗရမ်းစသည့် သမိုင်း၏ ပုံရိပ်များသည် စာရေးသူ၏ အာရုံတွင် ထင် ဟပ်လာလေ့ရှိခဲ့သည်။ မွန်လူမျိုးတို့၏ သမိုင်းကို ကိုယ်စားပြုလျှက် ခုခံတော်လှန်စစ်ကို ဆယ်စုနှစ် ပေါင်းများစွာ ကြံ့ ခိုင်စွာဆင်နွှဲခဲ့သော မွန်ပြည်သစ်ပါတီသည် မိမိတို့၏ အသက်သွေးချွေးတို့ဖြင့် တည်ထောင်ထားခဲ့သည့် တပ်မတော် အား လက်နက်စွန် ့ရေးဖြင့်နိဂုံးချုပ်စေမည့် ၂၀၀၈ ဖွဲ ့စည်းပုံအောက်သို ့ဒူးထောက်ဝင်ရောက်ရတော့မည်လား။ လက်ရှိ အပစ်ရပ်စာချုပ် NCA ကို လက်မှတ်ထိုးလိုက်ခြင်း မှာ ယင်းထက် စိုးစဉ်းမျှ မပိုပါ။ ရိုးသားစွာ စိုးရိမ်မိသည်။

ဤ နိုင်ငံရေးသံယောဇဉ်များဖြင့်လည်းကောင်း၊ လက်ရှိ ဥက္ကဋ္ဌကြီး နိုင်ထောမွန် ကိုယ်တိုင်ကဥပဒေ ရေးရာများတွင် စာရေးသူကို အားကိုးပါကြောင်းနှုတ်ဖြင့် ဖွင့်ဟ မေတ္တာရပ်ခံခဲ့ဘူးသည့်အပေါ် တန်ဘိုးထားသည့်အခြေ ခံဖြင့် လည်းကောင်း မိမိ၏တာဝန်အနေဖြင့် ခံယူကာ မွန်ပြည်သစ်ပါတီ အတွက် ရော ယူအင်န်အက်ဖ်စီ တပ်ပေါင်းစု အတွက်ပါ လွန်စွာအရေးကြီးလှသော နိုင်ငံရေးဖြစ်စဉ်တခုကို စဉ်းစားဆုံးဖြတ်ရာ၌ တစုံတရာ အထောက်အပံ့ရနိုင်စေ ရေးအတွက် သာမက ပြည်တွင်းစစ်ဒဏ်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး ခံစားနေကြရသော တိုင်းရင်းသား ပေါင်းစုံ လူထုကြီးတရပ်လုံးပါ လေ့လာစဉ်းစားခွင့်ရစေရေးအတွက် ဤငြိမ်းချမ်းရေး စစ်တမ်း (၂၇) ကို ပြုစု ဖြန့်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဦးနု ဝန်ကြီးချုပ်ဖြစ်စဉ်က လက်နက်နှင့်ဒီမိုကရေစီ လဲလှယ်ရေး ဟူသည့် နိုင်ငံရေးကြွေးကြော်သံအောက် တွင် ၁၉၅၈ ခုနှစ်၌ မွန်ပြည်သစ်ပါတီ နှင့် ပအိုးအမျိုးသား အဖွဲ့ချုပ်တို့ သည် ထောင်နှင့်ချီသော လက်နက်များကို အပ် ကာ ထိုစဉ်က ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံနောက်ခံပြု ဥပဒေဘောင်အတွင်းသို့ဝင်ရောက်သွားခဲ့ကြသည်။ မည်သည့် တိုင်း ရင်းသား အခွင့်အရေးမျှ မရသောအခါ ပြန်လည် လက်နက်စွဲကိုင်ကာ တိုက်ကြရပြန်သည်။ နိုင်ငံရေး အမှားကို ကျူး လွန်ခဲ့သည်ဟု မွန်ခေါင်းဆောင်များက ပြန်လည်သုံးသပ်ခဲ့သည်။ ယခုတခါ NCA ကို လက်မှတ်ထိုးကာ ၂၀၀၈ ဖွဲ့စည်း ပုံအောက်သို ့လုံးလုံးလျားလျား ဝင်ရောက်သွားမည် ဆိုပါမူ ထိုထက်ပင် ပိုမိုဆိုးဝါးသော နိုင်ငံရေးအမှားကို ကျူးလွန်ရာ ရောက်နိုင်ကြောင်း မွန်ခေါင်းဆောင် များ သတိချပ်သင့်ပါသည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ၏ နောက်တွင် ဒီမိုကရေစီ အစိုးရရှိသေးသည်။ ၂၀၀၈ ဖွဲ့စည်းပုံ၏ နောက်တွင်မူ မြန်မာစစ်အာဏာရှင် အစိုးရသာ အခိုင်အမာရှိနေ ကြောင်း ဖွဲ့စည်းပုံအရသာမက လက်တွေ့ဖြစ်ရပ်များအရလည်း ပို၍ ပင်ပေါ်လွင်လာခဲ့ပြီ ဖြစ်သည်။

နောက်တစ်ခုမှာ နိုင်ငံရေးရပ်တည်ချက်နှင့် ဂုဏ်သိက္ခာ ဖြစ်သည်။ ယူအင်န်အက်ဖ်စီက တောင်းဆိုထားသော ရှစ်ချက်(သို့ မဟုတ်) ကိုးချက်ကိုရရှိလျှင်မှ NCA ကိုလက်မှတ်ထိုးသွားမည် ဖြစ်ကြောင်း အတိအလင်းကြေငြာခဲ့သည်။ ယင်းအချက်များအနက် ယခု အချိန်အထိ တချက်တလေမျှ မရ၊ နိုင်ငံရေးအရ ဆုံးရှုံးမှုများရှိနေကြောင်းပေါ်လွင်နေပါလျက် လက်မှတ်ထိုးပေးလိုက်ရလျှင် မွန်ပြည်သစ်ပါတီ ပါဝင်ခေါင်းဆောင်လျက်ရှိသော ယူအင်အက်ဖ်စီ ၏ နိုင်ငံရေး ရပ်တည်ချက် နှင့် ဂုဏ်သိက္ခာ အဘယ်သို့ ရောက်ရှိသွားမည်နည်း။ ဘက်နှစ်ဘက်၏ ဆွေးနွေးပွဲများမှ ပေါ်ထွက်လာသည့် နောက်ဆုံး ဆွေးနွေးပွဲ ရလာဒ်များကို နှိုင်းယှဉ် သုံးသပ်ပါမည်။

### ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၁။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲကြောင်း ကြေညာခြင်းကို အစိုးရ၊ တပ်မတော်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့ဝင်အဖွဲ့အစည်းတို့မှ ၂၀၁၆ ခုနှစ် ၊ ............. လ (  ) ရက်နေ့တွင် တရားဝင် ပူးတွဲထုတ်ပြန်သွားရန်။

နောက်ဆုံး တောင်းဆိုချက်

၁။ တနိုင်ငံလုံးအပစ်အခတ်ရပ်စဲကြောင်း ကြေငြာခြင်းကို အစိုးရ၊ တပ်မတော်မှ ဤသဘောတူညီချက်ရရှိပြီးနောက် (၂၄) နာရီအတွင်း ထုတ်ပြန်ပြီး ယူအင်န်အက်ဖ်စီ အဖွဲ့ ဝင်အဖွဲ့ အစည်းများမှ ၄၈ နာရီ အတွင်း အသီးသီးထုတ်ပြန်သွားရန်။

မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်တွင်လည်းကောင်း၊ နောက်ဆုံးတောင်းဆိုချက်တွင် လည်းကောင်း၊ **"တနိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်းကြေညာခြင်းကို"** ဟူသောဝေါဟာရအား အဓိကထားခဲ့ကြောင်းတွေ့ နိုင်သည်။ ဤသည်မှာ ယူအင်န်အက်ဖ်စီ ၏ အမြင့်ဆုံးနိုင်ငံရေးဂုဏ်သိက္ခာဖြစ်သည်။ ယူအင်န်အက်ဖ်စီ ၏ ကြိုးပမ်းမှုဖြင့် "တနိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်ကြီး" ထွက်ပေါ်လာခဲ့ပြီ ဖြစ်ကြောင်းထောက်ပြဂုဏ်ယူနိုင်၍ ဖြစ်သည်။ သို့ ဖြစ်လျှင်အကျိုးဆက်အနေဖြင့် အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်း နှင့် ကချင်ပြည်တွင် ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်စဲသွားပါမည်။ ဤသည်ကို ၄င်းပြည်နယ်များအတွင်း ခုခံစစ်ဆင်နွှဲနေကြရသော တိုင်းရင်းသားအဖွဲ့ များကလည်း မျှော်လင့်နေကြ မည်မှာ သေချာသည်။ သို့ ရာတွင် တနှစ်ခွဲကျော်ကြာ ဆွေးနွေးပွဲများ အမြောက်အများကို ဖြတ်သန်းပြီးနောက် ရရှိလာသော သဘောတူညီချက်များတွင် ဤအဓိက ကျသော အချက်ကြီးသည် ပျက်စီးသွားခဲ့ရပါပြီ။

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၁။ တနိုင်ငံလုံးလွှမ်းခြုံသော အပစ်အခတ်ရပ်စဲမှု အမြန်ဆုံးဖြစ်ပေါ်လာရေးအတွက် နှစ်ဘက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်။

၄င်းအရဆိုပါမူ **"တနိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာခြင်းကို"** ဟူသော ဝေါဟာရ ပြုတ်သွားပြီဖြစ်သည်။ ယူအင်န်အက်ဖ်စီ လက်မှတ်ထိုးသည့် အချိန်တွင် မြန်မာစစ်တပ်က "တနိုင်ငံလုံး အပစ်အခတ်ရပ်စဲကြောင်း ကြေညာချက်" ကို ထုတ်ပြန်ပေးစရာ မလိုတော့။ ရှမ်းပြည်မြောက်ပိုင်း နှင့် ကချင်ပြည်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကို ရပ်ဆိုင်းစရာ မလိုတော့။ ယူအင်န်အက်ဖ်စီ လက်မှတ်ထိုးလိုက်ခြင်းသည် အဆိုပါ တိုက်ပွဲများကို မီးလောင်ရာ လေပင့် လုပ်ပေးလိုက် ခြင်းသာ ဖြစ်ပါမည်။ ယူအင်န်အက်ဖ်စီ အဖွဲ့ ဝင်များ လက်မှတ်ထိုးပြီးသည်နှင့် ရှမ်းပြည်မြောက်ပိုင်း နှင့် ကချင်ပြည်တွင် ဖြစ်ပွားနေသော စစ်ပွဲများ တိုးမြင့်လာရုံသာ ရှိပါမည်။ **ဤတောင်းဆိုချက် (၁) သည် မရရုံမက ကိုယ့် ဘက်က ထပ်ပြီးပေးလိုက်ရသည် ဟု ဆိုနိုင်သည်။**

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၂။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး၊ ပင်လုံညီစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကို (၂၁) ရာစုပင်လုံညီလာခံမှ ရရှိလာမည့် ရလဒ်နှင့်အညီ တည်ဆောက်သွားရန်။

နောက်ဆုံးပြင်ဆင်တင်သွင်းခဲ့သည့် တောင်းဆိုချက်

၂။ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး၊ ပင်လုံညီစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက် အပြည့်အဝရှိသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်သွားရန်။

**သုံးသပ်ချက်။ ။ နောက်ဆုံးပြင်ဆင်တင်သွင်းခဲ့သည့်တောင်းဆိုချက်မှာ ၂၁ ရာစု ပင်လုံညီလာခံ၏ ချုပ်ကိုင်မှု အောက်မှ ရုန်းထွက်လိုက်ခြင်းပင်။ ပို၍ သဘာဝကျ၊ လွတ်လပ်၊ ဘောင်ကျယ်လာသည်။ သို့ ရာတွင် တနစ်ခွဲကျော် ဆွေးနွေးပြီးနောက် တကယ်တန်းရရှိလာသည့် ရလာဒ်မှာ အပစ်ရပ်စာချုပ် NCA ဘောင်အတွင်း သို့ ကျရောက်သွား သည်။**

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့် အညီ တည်ဆောက်သွားရန်။

**သုံးသပ်ချက်။ ။ ယင်း သဘောတူညီချက်မှာ လက်ရှိ အပစ်ရပ်စာချုပ် NCA ၏ အခန်း (၁) အပိုဒ် (၁) (က) အတိုင်း အတိအကျ ဖြစ်နေသည်။ ယင်းကို သဘောတူညီခြင်းမှာ NCA ကို သဘောတူခြင်းသာ ဖြစ်သည်။ ယူအင်န်အက်ဖ်စီ သည် ဘာမျှမရ။ မိမိ၏ နိုင်ငံရေးဂုဏ်သိက္ခာကို မိမိကိုယ်တိုင်နင်းခြေကာ NCA အောက်သို့ ခေါင်းလျှိုးဝင်ရောက်ခြင်း သာ ဖြစ်ပါမည်။ မွန်ပြည်သစ်ပါတီ၏ ခေါင်းဆောင်မှု သည် ယင်းသို့ မဖြစ်သင့်ပါ။**

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၃။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကိုအခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော် တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များပါဝင်စေပြီးတိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို ၄င်းတို့နှင့် စပ်ဆိုင်သော ကဏ္ဍများတွင်သာ ပါဝင်စေရန်။

နောက်ဆုံးပြင်ဆင်တင်သွင်းခဲ့သည့် တောင်းဆိုချက်

၃။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ် များ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များနှင့် တရားဝင် နိုင်ငံရေးပါတီကိုယ်စားလှယ်များပါဝင်စေပြီး တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင် ထိုက်သော ကိုယ်စားလှယ်များကို ၄င်းတို့ နှင့်စပ်ဆိုင်သော ကဏ္ဍများတွင်သာ ပါဝင်စေရန်။

သုံးသပ်ချက်။ ။ ယူအင်န်အက်ဖ်စီဘက်က သုံးပွင့်ဆိုင် ဆွေးနွေးပွဲပုံစံမျိုးကို အတိအကျတောင်းဆိုခဲ့သည် ဟု နားလည်နိုင်သည်။

ပထမတပွင့်။ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ် များ၊

ဒုတိယ တပွင့်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များ၊

တတိယ တပွင့်။ တရားဝင်နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊

ဤသည်မှာ သဘာဝ ကျသည်ဟု ဆိုနိုင်သည်။

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၃။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ် များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးတို့၏ ကိုယ်စားလှယ်များနှင့် တရားဝင်နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့်ပါဝင် ထိုက်သော ကိုယ်စားလှယ် များ ပါဝင်ရေးကိစ္စနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် ပုံစံကို နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်ရာ တွင် ထည့်သွင်းဆွေးနွေးဆုံးဖြတ်သွားရန်။

**သုံးသပ်ချက်။ ။ (က) "တော်လှန်ရေး" ဟူသော ဝေါဟာရကို အဖြုတ်ခံလိုက်ရကြောင်းတွေ့နိုင်သည်။ ယူအင်န်အက်ဖ်စီ တန်ဘိုးထားသော အနှစ်သာရတခုကို ဖြုတ်ပေးလိုက်ရပြီဖြစ်သည်။ ယင်း ကို အသိအမှတ်မပြုခြင်းသည် နောင်တွင် "သောင်းကျန်းသူ" ဟူသော ဝေါဟာရ ဖြင့် အစားထိုးသုံးစွဲဂုန် ပြင်ဆင်လာခြင်း ဖြစ်ကြောင်း သတိချပ်သင့်သည်။**

**။ (ခ) ယူအင်န်အက်ဖ်စီ ဘက်က နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်တွင် ပါဝင်မည့် အင်အားစုများနှင့် စပ်လျဉ်း၍ သုံးပွင့်ဆိုင်အပေါ်အခြေခံကာ အတိအကျ သဘောတူညီချက်ရအောင် ကြိုးပမ်းခဲ့သည်။ တင်သွင်းခဲ့သည်။ သို့ရာတွင်နောက်ဆုံးရရှိလာသည်မှာ အတိအကျ မည်သည့်သဘောတူညီချက်တခုမျှမရ။ ဆက်လက်ဆွေးနွေးသွားရန် ဟူသည့် ခေါင်းစဉ် Agenda သာ ရရှိခဲ့ကြောင်းတွေ့နိုင်သည်။ ယင်းကို လက်မှတ် ထိုးလိုက်ခြင်းမှာ ဘာတခုမျှ မရဘဲ NCA ကို လက်မှတ်ထိုးလိုက်ရခြင်း နှင့် ထပ်တူ ဖြစ်နေသည်။**

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၄။ ၂၁- ရာစုပင်လုံညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်။

သုံးသပ်ချက်။ ။ "ပြင်ဆင်ခြင်း" ဟူသော ဝေါဟာရမပါတော့ဘဲ "ရေးဆွဲပြဋ္ဌာန်းရန်" ဟူသည်ကိုသာ သုံးစွဲ ထား သဖြင့် ယူအင်န်အက်ဖ်စီသည် ၂၀၀၈ ဖွဲ့ စည်းပုံပြင်ဆင်ရေး လမ်းကြောင်းကို မလိုက်တော့ဘဲ အသစ်ဆွဲရေး ကို

သာ ဦးတည်သွားတော့မည်ဟူသည့် အဓိပ္ပါယ်ဆောင်သည်။ သို့ဖြစ်လျင် ဤသည်ကို တန်ဘိုးထား ရပါမည်။ယူအင်န်အက်ဖ်စီ သည် ဖွဲ့ စည်းပုံနှင့် စပ်လျဉ်းကာ လျှောက်သင့်သော လမ်းကြောင်းအား ပြတ်ပြတ်သားသား ဦးဆောင်တော့မည်ဟု နားလည်ရတော့မည့် အနေအထားဖြစ်သည်။

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၄။ ဖွဲ့ စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို ပြင်ဆင်ရေးဆွဲ အတည်ပြုရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံမှ ရရှိလာသော နိုင်ငံရေးဆွေးနွေးပွဲရလာဒ်များကို ပြည်ထောင်စု သဘောတူစာချုပ်တွင် ထည့်သွင်းချုပ်ဆိုဂုန်။

သုံးသပ်ချက်။ ။(က) ယူအင်န်အက်ဖ်စီ က တမင်ချန်ထားပုံရခဲ့သော "ပြင်ဆင်ခြင်း" ဟူသော ဝေါဟာရကို ပြန်လည်တွေ့ ရသည်။ ယူအင်န်အက်ဖ်စီ ဘက်က လျှော့လိုက်ရပြီ။

။ (ခ) ယူအင်န်အက်ဖ်စီ က တင်သွင်းခဲ့သည့် သဘောတူညီချက် (၉) ချက်လုံးတွင် ပြည်ထောင်စု သဘောတူစာချုပ် ဟူသော ဝေါဟာရ တလုံးမျှမပါရှိ။ ယင်းမှာ လက်ရှိ အပစ်ရပ်စာချုပ် NCA က သုံးစွဲထားသော စကားလုံးဖြစ်သည်။ ယူအင်န်အက်ဖ်စီသည် NCA အောက်သို့ ဆွဲသွင်းခြင်းအား လက်ခံလိုက်ရကြောင်း ပေါ်လွင်သည်။

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၅။ နိုင်ငံရေးတွေ့ ဆုံဆွေးနွေးမှု ဆိုင်ရာ မူဘောင်အပါအဝင် နှစ်ဘက်လိုက်နာရမည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ် (CoC) နှင့် စောင့်ကြည့်ရေးလုပ်ငန်းလမ်းညွှန် (ToR)တို့ကို ကြိုတင်သဘောတူညီမှု ရယူရန်။

သုံးသပ်ချက်။ ။(က) ယူအင်န်အက်ဖ်စီ ဘက်က စတင်တင်သွင်းခဲ့ကထဲက မပြည့်စုံပါ။ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုခဲ့သည့် နိုင်ငံတကာ စစ်ဥပဒေအနေဖြင့် လူသိများသည့် ဂျီနီဗာ ကွန်ဗင်းရှင်းအပေါ် အခြေခံကာ မြန်မာနိုင်ငံအတွင်း၌ စစ်ဘက်ဆိုင်ရာဥပဒေ[1] တရပ်ပေါ်ထွန်းလာရေးကို တင်သွင်းတောင်းဆိုသင့်သည်။ ယင်းအပေါ်အခြေခံဆက်စပ်ပြီးမှသာ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ တပ်ပိုင်းဆိုင်ရာကျင့်ဝတ်တို့ ကို နှစ်ဘက်ညှိနိုင်းရေးဆွဲခြင်းမျိုးဖြစ်သင့်သည်။ သို့ မှသာ အခိုင်အမာဖြစ်ရုံမက သဘောတူညီချက်များသည် အသက်ဝင်ပါမည်။ ဖောက်ဖျက်ပါက တရားရုံးသို့ တင်သွင်း၍ အမှုစွဲဆိုခွင့်ရှိမည်။ အရိုးရှိမှသာ အရာထင်ပါမည်။

။(ခ) "ကြိုတင်သဘောတူညီမှု ရယူရန်" ဟူသော ယူအင်န်အက်ဖ်စီ ၏ တင်ပြချက်သည် သဘာဝ ကျသည်။ ယင်းသို့ ကြိုတင်သဘောတူညီချက် မယူဘဲ လက်မှတ်ရေးထိုးခဲ့သော ရှစ်ဖွဲ့ သည် ပြဿနာ တက်လျှက်ရှိသည်။

[1] Military Act

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၅။ --------------(ယူအင်န်အက်ဖ်စီ ၏ အဆိုပြုချက်များအား ဤနေရာတွင် ဖော်ပြထား) -------မူဝါဒနှင့် အကောင်အထည်ဖော်မှု ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည့် အစီအစဉ်တို့ကို ကြိုတင် သဘောတူညီမှု ရယူပြီး NCA လက်မှတ် ရေးထိုးပြီးနောက် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ အကြား ညှိနှိုင်း ရေးဆွဲသွားရန်။

**သုံးသပ်ချက်။** ။ **(က)** "ကြိုတင်သဘောတူညီမှု ရယူရန်" ဟူသော ယူအင်န်အက်ဖ်စီ ၏ တင်ပြချက်သည် ပြုတ်သွားခဲ့ပြီ။ ယူအင်န်အက်ဖ်စီ သည် မိမိ၏ ရပ်တည်ချက်ကို အခိုင်အမာ ကိုင်စွဲနိုင်ခြင်းမရှိ။ တခုပြီး တခု လိုက်လျောနေရသည်။

**။ (ခ) အပိုဒ် (၃) မှာ ကဲ့သို့ပင် အတိအကျ မည်သည့်သဘောတူညီချက်တခုမှုမရ။ ညှိနိုင်းရေးဆွဲသွားရန် ဟူသည့် ခေါင်းစဉ် Agenda သာ ရရှိခဲ့ကြောင်းတွေ့နိုင်သည်။**

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၆။ အစိုးရကိုယ်စားလှယ်များ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များပါဝင်သော အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ တစ်ရပ်ကို နှစ်ဖက်သဘောတူလက်ခံနိုင်သည့် နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ကြီးကြပ် စောင့်ကြည့်ရေးအဖွဲ့နှင့်အတူ ဖွဲ့စည်းသွားရန်။

သုံးသပ်ချက်။ ။ (က) အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးကော်မတီအား ဘက်နှစ်မှ ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းခြင်းမျိုးမပြုသင့်။ တဘက်ဘက် က သဘောမတူပါက ဆုံးဖြတ်ချက် မချနိုင်၊ အကောင်အထည် မဖော်နိုင်၊ ချိုးဖောက်သူအား အရေးမယူနိုင်သောကြောင့် ဖြစ်သည်။ မည်သည့်ဘက်ကမျှ ကိုယ်စားလှယ်မပါဘဲ နိုင်ငံတကာမှ လွတ်လပ်သော ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းသင့်သည်။ နိုင်ငံတကာ (အတိအကျအားဖြင့် ကုလသမဂ္ဂ) ဝင်ရောက်ကြီးကြပ်ပေးမှသာ အပစ်အခတ်ရပ်စဲရေးသာမက သဘောတူညီချက်များအပေါ် အကောင်အထည် ဖော်မည့် နိုင်ငံရေးဖြစ်စဉ်တရပ်လုံးအား လိုက်နာမှုရှိမရှိ စောင့်ကြည့် ကြီးကြပ်နိုင်မည်ဖြစ်သည်။ ယင်းကို အတင်း အကြပ်အတည်ပြုမှု ယန္တရား၊ (Enforcement Institution) ဟုခေါ်သည်။ တကယ်တန်းလိုက်နာလာအောင် ထိရောက်စွာ ဖိအားပေးနိုင်ပါမည်။ ယင်းကို တောင်းဆိုရန် မုချ လိုအပ် သည်။ သို့မဟုတ်ပါက ပေးသလိုလိုပြထားပြီး လက်တွေ့တွင် မရဖြစ်နေမည်။ လက်ရှိ NCA ကို လက်မှတ်ရေးထိုးထားသော ရှစ်ဖွဲ့ သည် ယင်းပြဿနာ နှင့် ရင်ဆိုင်နေရသည်။ ယခု ယူအင်န်အက်ဖ်စီ ၏ တောင်းဆိုမှု ကိုယ်တိုင်က လည်း မပြည့်စုံသေးပါ။ ဤမျှဖြင့် လက်ရှိ NCA ကြောင့် ဖြစ်ပေါ်နေသော ပြဿနာများကို မကျော်နိုင်သေးပါ။

။ (ခ) မည်သို့ပင်ဖြစ်စေ၊ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် ပြည်တွင်းရှိ ဘက်နှစ်ဘက် ၏ ကိုယ်စားလည်များ သက်သက်နှင့်သာ ဖွဲ့စည်းထားရာမှ ယင်းကိုဆန့်ကျင်ကာ

(၁) နိုင်ငံတကာမှ

(၂) အစိုးရကိုယ်စားလည်များ ပါဝင်ဖွဲ့ စည်းပေးရန်

ယူအင်န်အက်ဖ်စီ၏ တောင်းဆိုချက်မှာ ထူးခြားသည်။ သဘာဝ ကျသည်။ လုံးဝ လွတ်လပ်သည့် ကော်မတီ မဟုတ်သော်လည်း နိုင်ငံတကာမှ အစိုးရကိုယ်စားလည်များ အဖွဲ့ ဝင်အဖြစ်ပါဝင် ပတ်သက်ခွင့်ရပါက ယင်းကော်မတီသည် တစုံတရာ ထူးခြားမှု ရှိလာနိုင်သည်။

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၆။ လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေး ကော်မတီ အဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြုအဖြစ်လည်းကောင်း နှစ်ဘက် သဘောတူညီချက်ဖြင့် JMC Support Platform မှတစ်ဆင့် ဆောင်ရွက်ရန်။

အထက်ပါ ရလာသည်ဟူသော သဘောတူညီချက်အား အောက်တွင် ဖော်ပြထားသော လက်ရှိ NCA ၏ အပိုဒ် ၁၂ (ဂ) နှင့် နှိုင်းယှဉ်နိုင်သည်။

(ဂ) လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးကော်မတီ အဆင့် ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြု အဖြစ် လည်းကောင်း သင့်လျော်သလို ပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

သုံးသပ်ချက်။ ။ (က) နိုင်ငံတကာမှ အစိုးရကိုယ်စားလှယ်များက အဖွဲ့ ဝင်အနေဖြင့် ပါဝင်စေရန် ဟူသည့် ယူအင်န်အက်ဖ်စီ ၏ တောင်းဆိုချက်သည် လေထဲတွင် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ ဘာတခုမျှ မရပါ။

(ခ) JMC Support Platform ဟူသော ဝေါဟာရ တလုံးထပ်တိုးခြင်းမှ လွဲ၍ အားလုံးမှာ လက်ရှိ NCA ပါ သဘောတူညီချက်အတိုင်း ဖြစ်နေသည်။ JMC Support Platform ဟူသည်ကို အဓိပ္ပါယ်ပြန်ဆိုရလျှင် ပူးတွဲ စောင့်ကြည့်ရေး ကော်မတီကို ထောက်ခံသည့် အခြေခံ ဟူ၍ ဖြစ်သည်။ ယင်း၏ အဓိပ္ပါယ်မှာ ဘက်နှစ်ဘက်လုံးက သဘောတူမှသာ ဆုံးဖြတ်ခွင့်ရှိစေမည် ဟူသည်ကို မြန်မာစစ်ခေါင်းဆောင်များဘက်က ထပ်ဆင့် အတည်ပြုချက်တောင်းခံလိုက်ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များ ဘက်က ကသဘောမတူသမျှ ပူးတွဲစောင့်ကြည့်ရေးကော်မတီတွင် ဘာလုပ်ပိုင်ခွင့်မျှ မရှိ။ ယူအင်န်အက်ဖ်စီ အနေဖြင့် ဘာတခုမျှ မရရုံသာမက နောက်ထပ် သံကြိုးအသစ်တခုဖြင့် ထပ်မံ တုတ်နှောင်ခံလိုက်ရခြင်း ဖြစ်သည်။

**ယူအင်န်အက်ဖ်စီ ဘက်မှ တောင်းဆိုချက်**

**မူလ တင်သွင်းခဲ့သည့် တောင်းဆိုချက်**

၈။ -------- NCA စာချုပ် အပိုဒ် ၂၅ (ခ) -------- နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီများကို ဤသဘောတူညီချက်အရ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်ရန်။

သုံးသပ်ချက်။ လက်ရှိ NCA ၏ အပိုဒ် ၁၀ (က) တွင်ပါရှိသော ထိန်းချုပ် စကားစု "နိုင်ငံတော် အစိုးရ၏ ခွင့်ပြုချက်ယူပြီး" ဟူသည်ကို ဖြုတ်ပယ်ရန် ကြိုးပမ်းယူအင်န်အက်ဖက်စီ ၏ ကြိုးပမ်းချက် ဖြစ်သည်။ ဤသည်ကို ကြိုဆိုရပါမည်။ မြန်မာစစ်ခေါင်းဆောင် ဟောင်းသစ်များက ယင်းထိန်းချုပ်စကားစု ကို အသုံးပြုကာ နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများအား ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်အတွက် အသုံးချနေသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ လူထုထံရောက်သည့် ပမာဏ မှာ နည်းလွန်းလှသည်။

**မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များ လွှမ်းမိုးထားသည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် တွေ့ဆုံဆွေးနွေးပြီး ရရှိလာသည့် သဘောတူညီချက်။**

၈။ -------- NCA စာချုပ် အပိုဒ် ၂၅ (ခ) -------- နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများကို တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ရန်။

သုံးသပ်ချက်။ ။ "နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော" ဟူသည့်ထိန်းချုပ်စကားစုကို မြန်မာစစ်ခေါင်းဆောင်ဟောင်းသစ်များက ပြန်လည်ထည့်သွင်းပေးလိုက်သည်။ ဘာမျှမထူး။ ယူအင်န်အက်ဖ်စီ သည် ဘာတခုမျှ မရ။ သံကြိုးတချို့ဖြင့် ထပ်မံထိန်းချုပ်ခြင်းပင် ခံလိုက်ရပြန်သည်။ မွန်ပြည်သစ်ပါတီ က ဥက္ကဌ အနေဖြင့် ခေါင်းဆောင်လျှက်ရှိသော ယူအင်န်အက်ဖ်စီသည် မိမိတို့တောင်းဆိုထားချက်များအနက် တဝက်မျှပင် မရပါဘဲ လျှက် လက်ရှိ NCA ကိုလက်မှတ်ထိုးမည်ဟူသော နိုင်ငံရေး ဒီရေကျသွားစေသည့် အသံများ အဘယ်ကြောင့် လှိုင်လှိုင်ထွက်လာအောင် ပြုနေသနည်း။

လက်ရှိ ယူအင်န်အက်ဖ်စီ အတွင်းတွင် မွန်ပြည်သစ်ပါတီ ခေါင်းဆောင်လျှက် တချို့ လက်မှတ်ထိုးသွားကြမည်ဆိုပါမူ တပ်ပေါင်းစု ပျက်တော့မည်မှာ သေချာသလောက် ဖြစ်သည်။ ယူအင်န်အက်ဖ်စီ တပ်ပေါင်းစုသည် အဖွဲ့အစည်းမကြီးလှတော့သော်လည်း ယင်းကို မကျိုင်ထားကာ အလည်မှနေ၍ FPNCC နှင့် သော်လည်းကောင်း၊ လက်မှတ်ထိုးပြီး ရှစ်ဖွဲ့နှင့် သော်လည်း ကောင်း ဘေးတိုက်ဆက်ဆံဆောင်ရွက်ပြီး မိမိ၏ နိုင်ငံရေးအခန်းကဏ္ဍ မြှင့်တင်နိုင်သည့် အခြေအနေကို လက်လွှတ် ခံတော့မည်လား။ လူထုယုံကြည်မှု ပျက်သုဉ်းမည့် အခြေအနေကို ဥပက္ခာပြုတော့မည်လား။

## မွန်ပြည်သစ်ပါတီ သည် ဤခေါင်းဆောင်မှု ကို အဘယ်ကြောင့်ပြုလာသနည်း။

**(က) မြန်မာစစ်တပ်၏ စစ်ရေးဖိအားကို စိုးရိမ်၍လား။**

ဤစိုးရိမ်ချက်သည် လက်တွေ့မကျပါ။ NCA ကို လက်မှတ်ထိုးထားရုံမျှဖြင့်မြန်မာစစ်တပ်က မိမိတို့ကို တိုက်မလာပါ ဟူ၍ အာမခံချက် မရနိုင်ပါ။ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS ၏ သာဓက ကို ကြည့်နိုင်သည်။ စာချုပ်လက်မှတ်ထိုးသည့် ရှုဒေါင့်မှ ကြည့်လျှင်မူ မွန်ပြည်သစ်ပါတီ အနေဖြင့် ပြည်နယ်အဆင့်တွင်လည်းကောင်း၊ ပြည်ထောင်စု အဆင့်တွင်လည်းကောင်း၊ မြန်မာစစ်ခေါင်းဆောင်များနှင့် အပစ်ရပ်စာချုပ်များ လက်မှတ်ထိုးခဲ့ပြီး ဖြစ်သည်။ ထပ်မံထိုးဂုန်အကြောင်းမရှိပါ။

**(၂) ကေအဲန်ယူ က နယ်မြေတိုးချဲ့လာမည်ကို စိုးရိမ်၍လား။**

RCSS သည် NCA ကို လက်မှတ်ထိုးပြီးနောက်ပိုင်း မြန်မာစစ်တပ်နှင့် အပစ်ရပ်နိုင်ခဲ့သည့် အခြေအနေကို အခွင့်ကောင်းယူကာ TNLA တအမ်းအဖွဲ့ကြီးစိုးထားခဲ့သည့် နယ်မြေအတွင်းသို့ ထိုးဖောက်ဝင်ရောက်ခြင်းဖြင့်

တိုက်ပွဲများဖြစ်ပွားသည် ဟူ၍ ထောက်ပြဝေဘန်မှုများ ရှိခဲ့သည်။ ကေအဲန်ယူက NCA ကို လက်မှတ်ထိုးထားခဲ့ပြီး ဖြစ်သဖြင့် လက်မှတ်မထိုးသေးသော မွန်ပြည်သစ်ပါတီ နယ်မြေများအား ထိန်းချုပ်ရန် ကေအဲန်ယူသည် မြန်မာစစ်တပ်နောက်ခံဖြင့် ထိုးဖောက်ဝင်ရောက်လာနိုင်သည် ဟူသော စိုးရိမ်ချက်များ ရှိနိုင်သည်။ ၁၉၈၈ ခုနှစ်တွင်လည်း တောင်ပေါက် ၂၄ ရွာအပေါ်သူ့ နယ်မြေ၊ ကိုယ့်နယ်မြေ အငြင်းပွားသည့် အလားတူ နယ်မြေပြဿနာမျိုးဖြစ်ကာ မွန်ပြည်သစ်ပါတီ နှင့် ကေအဲန်ယူတို့ အကြား တိုက်ပွဲများ အကြီးအကျယ် ဖြစ်ပွားခဲ့ဘူးသည်။ ဤပြဿနာ ကို မည်သို့ ချဉ်းကပ်သင့်သနည်း။

(က) အတွင်းမှ အေအိုင်ဒီအက်စ်ကြောင့် ဖြစ်သောပြင်ပရောဂါ လက္ခဏာများအား တွေ့ရလျှင် ယင်းအေအိုင်ဒီအက်စ်ကို အမြစ်ပြတ် သုတ်သင်ရန် လိုပါသည်။ ပြင်ပရောဂါ လက္ခဏာ ရှောင်ပါးသက်သာရေးအတွက် အေအိုင်ဒီအက်စ် ကို မွေးမြူထားခြင်းမျိုး မဖြစ်သင့်ပါ။ ပြုပြင်ခွင့်လည်းမပြု၊ ပြုပြင်၍လည်း မရ၊ ပြုပြင်ရုံမျှနှင့်လည်း စစ်မှန်သည့် ငြိမ်းချမ်းရေးကို ဦးမတည်နိုင်သည့် NCA သည် အေအိုင်ဒီအက်စ် နှင့် အလားတူပါသည်။ ယင်းကို တိုက်ဖျက်ရပါမည်။ ဖက်တွယ်မွေးမြူမှု မပြုသင့်ပါ။

(ခ) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှု စနစ်၏ ကျောရိုးတခုမှာ ဘေးတိုက်ဆက်ဆံမှုကို[2] အား ကောင်းအောင်ပြုကာ ပြဿနာများအား ညှိနှိုင်းဆွေးနွေးသည့်နည်း[3] ဖြင့် ရှင်းရန်ကြိုးပမ်း၊ မရပါက ဘက်နှစ်ဘက်က လက်ခံသည့် တရားစီရင်ရေးတရပ်ကို တည်ထောင်ကာ ယင်း၏ အဆုံးအဖြတ်ကို နောက်ဆုံးခံယူလိုက်နာခြင်းဖြင့် ရှင်းသည့် နည်းကို အသုံးပြုသင့်သည်။ ဤသို့ဖြင့် ကိုယ်ပိုင်ပြဌာန်းခွင့် တခုနှင့် အခြားတခုအကြားက ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် ကြိုးပမ်းသင့်သည်။ ယင်းသို့မဟုတ်ဘဲ NCA ကို လက်မှတ်ထိုး၊ ၂၀၀၈ ဖွဲ့စည်းပုံအရ တင်းကျပ်သည့် ဗဟိုချုပ်ကိုင်မှုကို လက်ခံကာ၊ မြန်မာစစ်တပ်က ကြားဝင်ကြီးကြပ်သလိုလို နှင့် မိမိတို့ပြည်နယ်၏ အချုပ်အခြာအာဏာမှန်သမျှအား အကုန်သိမ်းပြီး လုပ်ခြင်တာလုပ်ခွင့်ရစေရေးအား ပံ့ပိုးမှုမျိုး မပြုသင့်ပါ။

## (၃) စီးပွားရေး လုပ်ပိုင်ခွင့်များ ရအောင်ယူပြီးနောက် ပါတီ ရပ်တည်ရေးအတွက်သာမက မွန်ပြည်နယ်လူထု ဖွံ့ဖြိုးရေးကို လုပ်ဆောင်ခြင်း၍လား။

ဦးအောင်မင်းခေါင်းဆောင်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ နှင့် မွန်ပြည်သစ်ပါတီမှ ဖွဲ့စည်းပေးထားသော ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့တို့သည် ၂၀၁၂ ခုနှစ်ဖေဖော်ဝါရီလ (၅) ရက် နေ့တွင် ပြည်ထောင်စု အဆင့် ပဏာမ သဘောတူညီချက်ကို လက်မှတ်ထိုးပြီး အပစ်ရပ်ခဲ့ကြသည်။ ယင်းစာချုပ်၏ အပိုဒ် (၁) (ဂ) တွင် အောက်ပါအတိုင်း သဘောတူညီထားသည်။

> "အပစ်အခတ်ရပ်စဲရေး စတင်ချိန်မှ စ၍ ဒေသတည်ငြိမ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းနှင့် အစိုးရ ပူးတွဲ ညှိနှိုင်း၍ ဆောင်ရွက်သွားကြရန်။"

ယင်းသဘောတူညီချက်သည် လက်ရှိ NCA ၏ အပိုဒ် ၂၅ (က) နှင့် တသဝေမတိမ်း နည်းပါးမျှတူညီသည်။ NCA ကို ထပ်မံပြီး လက်မှတ်ထိုးစရာမလို၊ ဤသဘောတူညီချက်ကို ကိုင်ကာ မြန်မာစစ်အစိုးရ ခေါင်း ဆောင်များနှင့် ညှိနှိုင်းဆွေးနွေးကြရုံသာရှိသည်။ လက်ရှိ NCA ကို လက်မှတ်ထိုးထားပါလျှက် ရှစ်ဖွဲ့သည် တရားဝင်မည်သည့် အခွင့်အရေးမျှမရ၊ မိမိတို့အဖွဲ့အစည်းနံမည်ကိုသုံးကာ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်းကုမ္ပဏီများနှင့် တရားဝင် စာချုပ်ချုပ်

[2] Horizontal Relationship
[3] Mediation

ခွင့်မရှိ၊ တကျားမဝင်ချုပ်ဆိုသော စာချုပ်များကို ကိုင်၍လည်း စက်ာပူနိုင်ငံကဲ့သို ့နိုင်ငံခြားတရားရုံးများတွင် ဖြစ်စေ၊ ပြည်တွင်းတရားရုံးများတွင် ဖြစ်စေ၊ တရားစွဲဆိုခွင့်မရှိ။

စီးပွားရေးလုပ်ငန်းများအား လက်သိပ်ထိုးချပေးရာတွင်လည်းသက်ဆိုင်ရာ လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းအမည်ဖြင့် မဟုတ်ဘဲ အခြားကုမ္ပဏီတခုခုကို ဖန်တည်းစေကာ ဥပဒေကို လက်တလုံးခြားသုံးပြီးချပေးနေသဖြင့် ပြည်နယ်နှင့် တိုင်းရင်းသားလူထုအတွက်ရှိစေဦး၊ သက်ဆိုင်ရာအဖွဲ့ အစည်းအတွက်ပင် ထိထိရောက်ရောက် အကျိုးမရှိ။ လာဘ်ပေးလာဘ်ယူမှုများ အတိဖုံးလွှမ်းလျက်ရှိနေသည်။ ဥပဒေစိုးမိုးရေး ပျက်သုဉ်းမှု ကို တွန်းအားပေးလျက်ရှိသည်။ ဤလမ်းကြောင်းကို မွန်ပြည်သစ်ပါတီ သည်လည်းကောင်း၊ အခြားမည်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းသည်လည်းကောင်း မလိုက်သင့်ပါ။

## (၄) နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် ပါဝင်ခြင်၍လား။

NCA လက်မှတ်ထိုးပြီးမှသာ နိုင်ငံရေးဆွေးနွေးပွဲလုပ်ခွင့်ရနိုင်မည် ဟူသည်မှာ မြန်မာစစ်ခေါင်းဆောင်ဟောင်း သစ်များ၏ ခြောက်လုံးဖြစ်သည်။ ဤသည်ကို မွန်ပြည်သစ်ပါတီ လက်မခံသင့်ပါ။ ဥပဒေစိုးမိုးရေး အခြေခံမှနေ၍ မိမိတို့ လက်မှတ်ထိုးပြီးသော ပြည်ထောင်စု အဆင့်စာချုပ်ကို ကိုင်စွဲကာ တောင်းဆိုသင့်သည်။ အထက်ဖော်ပြပါ ပြည်ထောင်စု အဆင့်စာချုပ် အပိုဒ် (၁) ပိုဒ်ခွဲ (ခ) တွင် အောက်ပါအတိုင်း သဘောတူထားကြောင်းတွေ့ နိုင်သည်။

(ခ) အပစ်အခတ်ရပ်စဲချိန်က စပြီး အများဆုံး ၄၅ ရက်အတွင်း နိုင်ငံရေးဆွေးနွေးပွဲ စတင်ရန်။

(၁) လက်နက်ကိုင် တိုင်းရင်းသား အဖွဲ့ အစည်းအားလုံး နှင့် အပစ်အခတ်ရပ်စဲပြီးပါက လက်နက်ကိုင်တိုင်းရင်းသား အဖွဲ့ အစည်းများ၏ ကိုယ်စားလှယ်များ နှင့် အစိုးရ ကိုယ်စားလှယ်များ နိုင်ငံရေးဆွေးနွေးပွဲဖော်ဆောင်သွားရန်၊ အကယ်၍ မိမိတို့ နှင့် အပစ်အခတ်ရပ်စဲချိန်မှ စပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ အထိ အဖွဲ့ အစည်းအားလုံး နှင့် အပစ်အခတ်ရပ်စဲနိုင်ခြင်း မရှိသေးပါက စုစည်းနိုင်သော အပစ်အခတ်ရပ်စဲရေး ကိုယ်စားလှယ်များနှင့် အစိုးရကိုယ်စားလှယ်တို့ နိုင်ငံရေးဆွေးနွေးပွဲ စတင်ဖော်ဆောင်သွားရန်။

အထက်ပါ စာချုပ်၏ အပိုဒ် (၁) (ဃ) တွင် အထွေထွေတင်ပြချက်များခေါင်းစဉ်အောက်၌ ခြွင်းချက် သို့ မဟုတ် ထိန်းချုပ် ဝေါဟာရများမပါဘဲ ကောင်းမွန်သောသဘောတူညီချက်များကိုလည်း တွေ့ ရသည်။ သို့ ဖြစ်၍ မွန်ပြည်သစ်ပါတီသည် ခြုံပုတ်ထဲက ငှက်နှစ်ကောင်ထက် လက်ထဲက ငှက်တကောင်ကို ပိုမိုတန်ဘိုး ထားသင့်သည်။ ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံဥပဒေအောက်သို ့ခေါင်းလျှိုးဝင်ရောက်စေမည့် NCA လက်မှတ်ထိုးရေးလမ်းကြောင်းသို ့လိုက်ပါစေရန် ယူအင်န်အက်ဖ်စီ အဖွဲ့ ဝင်များအား စည်းရုံးမည့်အစား မိမိတို့ ကိုယ်တိုင် ချုပ်ဆိုထားသောပြည်ထောင်စု အဆင့်စာချုပ်အား အခိုင်အမာ ကိုင်စွဲကာ စစ်မှန်၊ လွတ်လပ်၊ အချုပ်အနှောင်ကင်းသော နိုင်ငံရေးဆွေးနွေးပွဲများပေါ်ပေါက်လာအောင်ကြိုးပမ်းခြင်းသည် သာ ပြည်ထောင်စု တဝှမ်းလုံးငြိမ်းချမ်းမှု အတွက် တကယ်တန်းအကျိုးရှိနိုင်မည်ဖြစ်သည်။

**ဦးအောင်ထူး (လူ့ အခွင့်အရေးရှေ့ နေ၊ ဥပဒေအထောက်အကူပြုကွန်ရက် တည်ထောင်သူ)**
**၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၆) ရက်** Website:legalaidenetwor.org : E.mail: legalaidnetwork@gmail.com